AMI Life ၏ သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီသိရှိလိုပါက

www.amilifeassurance.com

AYA Myanmar Life Assurance

AMI Life Assurance

AYA Myanmar Life Assurance


**AYA Myanmar Life Assurance Co., Ltd.**
Room (306), 3rd Floor, Novotel Yangon Max,
Pyay Road, Kamayut Township, Yangon, Myanmar

099 400 77 773
info@amilifeassurance.com
www.amilifeassurance.com




# AMI Life Health Care Plan

## ကျန်းမာရေးအာမခံ

### ဘာကြောင့် AMI Life ကိုရွေးချယ်သင့်သလဲ?

Why do we choose AMI Life?

- မြန်မာနိုင်ငံတွင် (၁၀) နှစ်ကျော်သက်တမ်းရှိသော အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်ခြင်း။
- အသက်အာမခံအကာအကွယ်များကို ထိထိရောက်ရောက် အများပြည်သူများအား ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်ခြင်း။
- အများပြည်သူအတွက် တစ်သက်တာလက်တွဲအားထားရာ အသက်အာမခံကုမ္ပဏီတစ်ခုအဖြစ် အစဉ်တစိုက်ကြိုးစားနေသော ကုမ္ပဏီတစ်ခုဖြစ်ခြင်း။

Partner for Life

လက်တွဲတစ်သက်တာရေမြန်မာ




“ ကျွန်ုပ်တို့ ရေမြန်မာအသက်အာမခံကုမ္ပဏီသည် မြန်မာပြည်သူလူထုအတွက် ထိရောက်တဲ့ အသက်အာမခံအကာအကွယ်များကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြီး ဝန်ဆောင်မှုပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ”

## ❋ကျွန်ုပ်တို့၏ မျှော်မှန်းချက် (Our Vision)

မိဘပြည်သူများ၏ တစ်သက်တာလက်တွဲအားထားရာ အသက်အာမခံတစ်ခုအဖြစ် ယုံကြည်မှုတည်ဆောက်သွားဖို့ဖြစ်ပါတယ်။

## ❋ကျွန်ုပ်တို့၏ ရည်ရွယ်ချက် (Our Purpose)

မိဘပြည်သူများအတွက် အသက်အာမခံဝန်ဆောင်မှုများ အကောင်းဆုံးပေးနိုင်ရန်နှင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် ကျွန်ုပ်တို့၏ ဝန်ထမ်းများမှ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် အထူးကြိုးစားတည်ဆောက်လျက်ရှိပါတယ်။

## ကျန်းမာရေးအာမခံစုဆောင်းမှုပုံစံအသေးစိတ်အချက်အလက်များ
Detail Information of AMI Life Health Care Plan

| | |
|---|---|
| အာမခံဝယ်ယူခြင်း | (၁)ဦးချင်းဖြစ်စေ၊ အနည်းဆုံး (၅) ဦး ပါသောအစုအဖွဲ့လိုက်ဖြစ်စေ ဝယ်ယူနိုင်ပါသည်။ |
| အသက်အပိုင်းအခြား | အသက် ၆ နှစ် မှ ၇၅ နှစ် အထိ (မည်သူမဆို) |
| အာမခံသက်တမ်း | (၁) နှစ် |
| ယူနစ် | အနည်းဆုံး (၁)ယူနစ်မှ၊ အများဆုံး (၂၅)ယူနစ် အထိ |

## ပရီမီယံပေးသွင်းပုံ(Mode of Premium Payment)

ပရီမီယံပေးသွင်းမှုပုံစံမှာ တစ်ဦးချင်းအာမခံထားသူများအနေဖြင့် ခြောက်လတစ်ကြိမ်ပေးသွင်းမှုပုံစံ၊ တစ်ကြိမ်တည်းပေးသွင်းမှုပုံစံဖြင့်ပေးသွင်းနိုင်ပြီး အစုအဖွဲ့လိုက်အာမခံထားသူများအနေဖြင့် တစ်လတစ်ကြိမ်ပေးသွင်းမှုပုံစံ၊ သုံးလတစ်ကြိမ်ပေးသွင်းမှုပုံစံ၊ ခြောက်လတစ်ကြိမ်ပေးသွင်းမှုပုံစံ၊ တစ်ကြိမ်ပေးသွင်းမှုပုံစံ စသည်ဖြင့် ပေးသွင်းနိုင်ပါသည်။

## ပရီမီယံတွက်ချက်ပုံ(Premium Calculation)

ပရီမီယံအား အာမခံထားသူ၏ အသက်၊ ရယူလိုသော အာမခံအကာအကွယ်ယူနစ် နှင့် ပရီမီယံပေးသွင်းမှုပုံစံအလိုက်တွက်ချက်နိုင်ပါသည်။

## အာမခံအကျိုးခံစားခွင့်လျှောက်ထားခြင်း(Claims Procedure)

**(၁) ငွေမလိုလျော်ကြေးလျှောက်ထားခြင်း (Cashless Claims)**
AMI Life နှင့် ချိတ်ဆက်ထားသော ဆေးရုံများတွင် မိမိတို့ဝယ်ယူထားသော အာမခံအကာအကွယ်ပမာဏအလိုက် ငွေသားစိုက်ထုတ်ရန်မလိုပဲ အကျိုးခံစားခွင့်ရရှိခြင်း။

**(၂) ငွေသားစိုက်ထုတ်ကုန်ကျမှုများအတွက် ငွေပြန်ထုတ်ပေးခြင်း (Reimbursement)**
အာမခံထားသူများအနေဖြင့် မိမိတို့စိုက်ထုတ်သုံးစွဲထားသော ဆေးကုသမှုကုန်ကျငွေများအား ဝယ်ယူထားသော အာမခံပမာဏအထိ လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ AMI Life Claims Department သို့ ပြန်လည် တင်ပြတောင်းခံနိုင်ခြင်း။

လူကြီးမင်းအနေဖြင့် အာမခံအကျိုးခံစားခွင့်လျှောက်ထားရာတွင် AMI Life Claims Hotline (+959 9400 7777 3)Ext: 3(2)) (သို့) သက်ဆိုင်ရာအရောင်းကိုယ်စားလှယ်မှတစ်ဆင့် (သို့) AMI Life Assurance Website ရှိ E-Claims မှတစ်ဆင့် (သို့) Viber Channel မှတဆင့် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**အာမခံဝယ်ယူလိုပါက AMI Life Hotline Number : (+959) 9400 7777 3 သို့ ဆက်သွယ်မေးမြန်းဝယ်ယူနိုင်ပါသည်။**



AMI Life အသက်အာမခံ

## AMI Life မှအသက်အာမခံအကာအကွယ်များ
Offering Products by AMI Life

### Income Protection Scheme

- AMI Life Accident Protector (ကိုယ်အင်္ဂါထိခိုက်မှု အာမခံ)
- Farmer Life Insurance (တောင်သူလယ်သမား အသက်အာမခံ)
- Sportsman Life Insurance (အားကစားကိုယ်အင်္ဂါထိခိုက်မှု အာမခံ)

### Health Protection Scheme

- AMI Life Health Care Plan (ကျန်းမာရေး အာမခံ)
- AMI Life Critical Illness Care Plan (ပြင်းထန်သောရောဂါကုသမှု အာမခံ)

### Wealth Accumulation Scheme

- AMI Life Prosper Saver Plan (စုငွေတိုးပွား အသက်အာမခံ)
- AMI Life Short Saver Plan (နှစ်တိုငွေပင်ငွေရင်း အသက်အာမခံ)
- AMI Life Student Saver Plan (စာသင်သား အသက်အာမခံ)

### Employee Benefits Scheme

- AMI Life Group Protector (စုပေါင်းအသက်အာမခံ)
- AMI Life Group Health Care Plan (စုပေါင်းကျန်းမာရေး အာမခံ)
- AMI Life Group Accident Protector (စုပေါင်းကိုယ်အင်္ဂါထိခိုက်မှု အာမခံ)
- AMI Life Group Critical Illness Care Plan (စုပေါင်းပြင်းထန်သောရောဂါကုသမှု အာမခံ)

## AMI Life မှထပ်ဆောင်းဝန်ဆောင်မှုများ
Extra Benefits Beyond Life Insurance from AMI Life

### AMI Life Extra Privileges

ကျွန်ုပ်တို့ ရောမြန်မာအသက်အာမခံသည် မိမိတို့အထူးအလေးထားအပ်သော အာမခံဆက်သွယ်ဝယ်ယူသူများ၏ အကျိုးကိုရှုမျှော်၍ လူမှုနေ့စဉ်ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ကာ အသက်အာမခံအကာအကွယ်များသာမက အခြားထပ်ဆောင်းဝန်ဆောင်မှုများဖြစ်သော AMI Life EcoSystem Partnership Benefits (မိတ်ဖက်များထံမှ သီးသန့်အထူးအကျိုးခံစားခွင့်များ) နှင့် AMI Life Care Services (ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ) အား အဆင်ပြေချောမွေ့စွာဖြင့် ရယူအသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ထို့ပြင် နောင်လာမည့် အနာဂတ်များ၌လည်း ဤကဲ့သို့ သာလွန်ကောင်းမွန်သောဝန်ဆောင်မှုများအား ဖော်ဆောင်နိုင်ရန် အထူးကြိုးပမ်းလျက်ရှိပါသည်။

#### AMI Life Ecosystem Partnership Benefits

- **Home EcoSystem**
  Home Loan Providers, Auto Dealers and Home Security Companies
- **Health Care EcoSystem**
  Hospitals, Clinics, Pharmacies and Fitness service
- **Lifestyle EcoSystem**
  Travel aggregators, Education service providers, and Personal loan providers

#### AMI Life Care Services

- Teleconsultation Service
- Specialist Privileges Service
- E-Pharmacy Service
- Home Healthcare Service
- Home Lab Service
- Ambulance Contact Service

Scan here for more details

# ကျန်းမာရေးအာမခံဆိုတာဘာလဲ
# What is AMI Life Health Care Plan?

ကျန်းမာအောင်ကြိုတင်ကာကွယ် နေထိုင်ခြင်းက ကုသခြင်းထက် ပိုပြီး အရေးကြီးပါတယ်။ သို့သော် မကျန်းမာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများအား ကြိုတင်ခန့်မှန်း၍မရနိုင်ပါ။ ထို့ကြောင့် AMI Life ရဲ့ ကျန်းမာရေးအာမခံဖြင့် ကြိုတင်ခန့်မှန်း၍မရနိုင်သော ဆေးရုံ/ ဆေးခန်း တက်ရောက် ကုသစရိတ်များ၊ ခွဲစိတ်စရိတ်များအား အကာအကွယ်ရယူလိုက်ပါ။

## ဘာကြောင့် ကျန်းမာရေးအာမခံကို ဝယ်ယူသင့်တာလဲ။
Why should be insured?

### စိတ်အေးချမ်းမှုရရှိစေနိုင်ခြင်း

AMI Life ၏ ကျန်းမာရေးအာမခံ မှ ကျန်းမာရေးကြောင့် ဖြစ်ပေါ်လာနိုင်မည့် ကုန်ကျစရိတ်များကို အကာအကွယ်ပေးသည့်အတွက် အနာဂတ်မှဖြစ်ပေါ်လာနိုင်မယ့် ငွေကြေးဆိုင်ရာ စိုးရိမ်ပူပန်မှုများအား လျှော့ချနိုင်ခြင်း

### ကုသမှုကုန်ကျစရိတ်များသည် စုငွေကိုထိခိုက်မှုမရှိစေနိုင်ခြင်း

ပေါ်လစီသက်တမ်းတလျှောက် ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များအား အကာအကွယ်ပေးသည့်အတွက်၊ အာမခံထားသူအနေဖြင့် မိမိတို့ စုငွေများမှ စိုက်ထုတ်သုံးစွဲနေရမှုအား လျှော့ချပေးနိုင်ခြင်း

### နလန်ထူအောင်သာ အာရုံစိုက်ရန်လိုအပ်ခြင်း

အာမခံထားသူက နေမကောင်းခြင်းမှ ပြန်လည်နလန်ထူအောင်သာ ဂရုစိုက်ရန်လိုအပ်ပြီး ကုန်ကျစရိတ်များအတွက် မိမိတို့၏ ကျန်းမာရေးအာမခံမှ တာဝန်ယူပေးနိုင်ခြင်း

## အသက်အာမခံဝယ်ယူရရှိနိုင်သူများ
Who can buy AMI Life Health Care Plan?

အသက် ၆ နှစ် မှ ၇၅ နှစ် အတွင်းရှိသူ မည်သူမဆို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိနှင့် အာမခံဆိုင်ရာ အကျိုးစီးပွားပတ်သက် ဆက်နွယ်သူရှိသူတစ်ဦးဦးကိုသော်လည်းကောင်းဝယ်ယူထားရှိနိုင်ပါသည်။
(က) မိမိကိုယ်တိုင်၏အသက်၊
(ခ) မိမိနှင့် အာမခံဆိုင်ရာ အကျိုးစီးပွားပတ်သက်ဆက်နွယ်မှုရှိသူ (ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မိခင်နှင့် ဖခင်)၊
(ဂ) အာမခံပေါ်လစီရှင်သည် မိခင်ဘက် (သို့) ဖခင်ဘက်မှ ဖြစ်ပါက မြေးများအတွက် အာမခံထားရှိနိုင်ပါသည်။



AMI Life
အသက်အာမခံ

## ကျန်းမာရေးအာမခံမှ ရရှိနိုင်မည့်အကျိုးခံစားခွင့်များ
Benefits of AMI Life Health Care Plan

အခြေခံ အကာအကွယ် | ခွဲစိတ်ကုသမှုစရိတ်များ အကာအကွယ် | ဆေးခန်းပြသခြင်း

| | |
|---|---|
| အခြေခံအကာအကွယ်(၁)ယူနစ်လျှင် | သေဆုံးခဲ့သည့်အခါ ငွေကျပ် (၁၀)သိန်း |
| **အတွင်းလူနာအဖြစ် ဆေးရုံ/ ဆေးခန်းတက်ရောက်ကုသမှု** | |
| အခြေခံအကာအကွယ်(၁)ယူနစ်လျှင် | တစ်ရက်လျှင် ကုန်ကျစရိတ် ကျပ် (၁၀,၀၀၀)အများဆုံး ရက်ပေါင်း(၆၀)ထိ |

**ရွေးချယ်နိုင်သော အာမခံအကာအကွယ် (၁)**

| | |
|---|---|
| တစ်ကိုယ်လုံးမေ့ဆေး (သို့) ကိုယ်တစ်ပိုင်းထုံဆေးဖြင့် ခွဲစိတ်မှုအတွက် (၁) ယူနစ်လျှင် | ခွဲစိတ်ကုသမှု (၁) ယူနစ်လျှင် အမှန်တကယ်ကုန်ကျစရိတ် (သို့) အများဆုံး (၅) သိန်းကျပ်ရွေးချယ်နိုင်သည့် အာမခံအကာအကွယ် (၁) တွင် ခွဲစိတ်ကုသခြင်း နှင့် ကိုယ်ဝန်ပျက်ကျခြင်း နှစ်ခုပေါင်း ၅၀၀,၀၀၀ ကျပ် X အာမခံထားသည့်ယူနစ်ပေါင်းကို စုစုပေါင်းအာမခံထားနိုင်သည့်ပမာဏအဖြစ် သတ်မှတ်ပါသည်။ |
| အမျိုးသမီးများသဘာဝအလျောက်ကိုယ်ဝန်ပျက်ကျခြင်း (သို့) ရောဂါကြောင့်ကိုယ်ဝန်ပျက်ကျခြင်း | စုစုပေါင်း (၃) သိန်းကျပ် (ဝယ်ယူထားသည့်ယူနစ်နှင့် မဆိုင်ပါ။) |

**ပြင်ပလူနာအဖြစ် ဆေးခန်းပြသခြင်း**

**ရွေးချယ်နိုင်သော အာမခံအကာအကွယ် (၂)**

| | |
|---|---|
| ဆေးခန်းပြသခြင်းအတွက် (၁)ယူနစ်လျှင် | ဆေးခန်း (၁) ကြိမ်ပြသခြင်းအတွက် ကျပ် (၂,၅၀၀) မှ အများဆုံး (၄) ကြိမ်အထိ |

ဥပမာ - အသက် (၃၀) နှစ်ရှိသော ကိုမင်းသည် မမျှော်လင့်သော ကျန်းမာရေး အခြေအနေများမှ ကာကွယ်နိုင်ရန် AMI Life Health Care Plan ၏ အခြေခံအကာအကွယ် (၂) ယူနစ်အား တစ် ကြိမ်တည်းပေးပရီမီယံ (၂၂,၀၀၀) ကျပ်ဖြင့်ဝယ်ယူခဲ့ပါသည်။ AMI Life Health Care Plan အား ဝယ်ယူပြီးနောက် ကိုမင်းသည်ဦးနှောက်သွေးကြောပေါက်သဖြင့် (၁၅) ရက် ဆေးရုံတက်ရောက်ကုသခဲ့ပြီး ဆုံးပါးသွားခဲ့သည်။ ကျန်ရစ်သူမိသားစုမှ အာမခံအကာအကွယ်အဖြစ် အောက် ဖော်ပြပါ အကျိုးခံစားခွင့်များအားရရှိနိုင်ပါသည်။

- ကိုမင်း(၁၅)ရက်စာ ဆေးရုံတက်ရောက်ကုသမှုအတွက် ကျပ် (၃၀၀,၀၀၀)
- ကိုမင်းသေဆုံးမှုအတွက် ကျပ် (၂,၀၀၀,၀၀၀)
- စုစုပေါင်း (၂,၃၀၀,၀၀၀) ကျပ်